# မေးလ်ပို့ထားသော WIC ကတ်စာ

(Mailed WIC Card Letter)

ရက်စွဲ-

သို့-

ချစ်ခင်လေးစားရပါသော

အထူးအခြေအနေများကြောင့် ကျွန်ုပ်တို့အနေဖြင့် သင်၏ WIC ကတ်ကို သင့်ထံသို့ မေးလ်ဖြင့် ပေးပို့နေပါသည်။

သင်၏ WIC ကတ်ကို အသုံးပြုရန် ဤအဆင့်များကို အမှတ်ရပေးပါ-

1. သင်၏ ဂဏန်း 4 လုံးပါ PIN နံပါတ်ကို ဂရုတစိုက်မှတ်သားထားပါ။
   - သင်၏ PIN နံပါတ်ကို မမှတ်မိပါက ပြန်လည်သတ်မှတ်ရန် နေ့ညမရွေး 1-844-359-3104 သို့ဖုန်းခေါ်ဆိုပါ။
   - ကတ်ကိုင်ဆောင်သူ၏ မွေးသက္ကရာဇ်နှင့် စာတိုက်သေတ္တာအမှတ်တို့ကို ထည့်သွင်းပါ။
2. သင်၏ကတ်ဖြင့် ရရှိနိုင်သော WIC အစားအစာများကို ကြည့်ပါ။
   - WICShopper အက်ပ်ကို သုံးပါ။
   - ကတ်တွင် ဈေးဝယ်စာရင်းပါရှိပါက ၎င်းကို ကြည့်ရှုပါ။
   - သင်၏ နောက်ဆုံး WIC ကုန်စုံစတိုး ပြေစာကို ကြည့်ရှုပါ။
   - စတိုး သုံးစွဲသူဝန်ဆောင်မှုများတွင် မေးမြန်းပါ။
   - WIC ဆေးခန်းသို့ ဖုန်းခေါ်ဆိုပါ။
3. သုံးစွဲရမည့် ပထမဆုံးရက်နှင့် နောက်ဆုံးရက် တွင် သို့မဟုတ် အကြားတွင် WIC အစားအစာများကို ဝယ်ယူပါ။
   - သင်ဝယ်ယူခြင်းမရှိသော မည်သည့်အစားအစာမဆို နောက်လာမည့် အကျိုးခံစားခွင့်လအတွက် ပြန်လည်ပါဝင်လာမည် မဟုတ်ပါ။
4. WIC မှခွင့်ပြုထားသော စတိုးများတွင်သာ ဝယ်ယူပါ။ "WIC Accepted Here" ("WIC ကို ဤနေရာတွင် လက်ခံသည်") ဆိုင်းဘုတ်များကို ရှာပါ။
5. သင်ရရှိနိုင်သော အစားအစာ ပမာဏနှင့် အမျိုးအစားများကိုသာ ဝယ်ယူပါ။
6. သင် WIC ကတ်ကို အသုံးပြုမည်ဖြစ်ကြောင်း ငွေကိုင်စာရေးအား အသိပေးပါ။
7. သင်၏ကတ်ကို ပွတ်ဆွဲလိုက်ပြီး PIN တောင်းပါက ဂဏန်း 4 လုံးပါ PIN နံပါတ်ကို ရိုက်ထည့်ပါ။
8. ပြေစာကို သိမ်းထားပါ။

အောက်ဖော်ပြပါ အကြောင်းရင်းတစ်ခုခုရှိလာပါ ဆေးခန်းဝန်ထမ်းများအား အောက်ပါဖုန်းနံပါတ်ဖြင့် ခေါ်ဆိုပါ-

- သင်၏ WIC ကတ် သို့မဟုတ် ရရှိနိုင်သော အစားအစာများနှင့် သက်ဆိုင်သော မေးခွန်းများ။
- စတိုးတွင် WIC ကတ်အသုံးပြုမှု ပြဿနာများ။
- သင်သည် နောက်ထပ် WIC ရက်ချိန်းကို ပြုလုပ်ရန် သို့မဟုတ် ပြောင်းလဲရန် လိုအပ်သည်။

သင်၏ WIC ဆေးခန်း-

# မေးလ်ပို့ထားသော WIC ကတ်စာ

(Mailed WIC Card Letter)

**ဝါရှင်တန် WIC သည် ခွဲခြားဆက်ဆံခြင်း မရှိပါ။**

ဖက်ဒရယ် ပြည်သူ့အခွင့်အရေးဥပဒေနှင့် U.S. Department of Agriculture (USDA, အမေရိကန် စိုက်ပျိုးရေးဌာန) ပြည်သူ့အခွင့်အရေးဆိုင်ရာ စည်းမျဉ်းများနှင့် မူဝါဒများအရ ဤအဖွဲ့အစည်းသည် လူမျိုး၊ အသားအရောင်၊ မိခင်နိုင်ငံ၊ လိင် (ကျား၊မ ခံယူမှုနှင့် လိင်စိတ်တိမ်းညွတ်မှု)၊ မသန်စွမ်းမှု၊ အသက်အရွယ်တို့အပေါ် အခြေခံကာ ခွဲခြားဆက်ဆံခြင်း သို့မဟုတ် ယခင်က ပြည်သူ့အခွင့်အရေး လှုပ်ရှားမှုအတွက် လက်တုံ့ပြန်ခြင်း သို့မဟုတ် ကလဲ့စားချေခြင်းတို့ကို တားမြစ်ထားပါသည်။

ပရိုဂရမ်နှင့်သက်ဆိုင်သောအချက်အလက်များကို အင်္ဂလိပ်ဘာသာစကားအပြင် အခြားဘာသာစကားများဖြင့်လည်း ရရှိနိုင်ပါသည်။ ပရိုဂရမ်နှင့်သက်ဆိုင်သောအချက်အလက်များကို ရယူရာတွင် အခြားသော ဆက်သွယ်ရေးနည်းလမ်းများ (ဥပမာ - မျက်မမြင်စာ၊ စာလုံးကြီး၊ အသံတိပ်ခွေ၊ အမေရိကန် လက်ဟန်သင်္ကေတပြ ဘာသာစကား) ကို လိုအပ်သော မသန်စွမ်းသူများသည် တာဝန်ရှိသောပြည်နယ် သို့မဟုတ် ထိုပရိုဂရမ်ကို တာဝန်ယူလုပ်ကိုင်နေသော ပြည်တွင်းအေဂျင်စီ သို့မဟုတ် USDA ၏ Technology & Accessible Resources Give Employment Today (TARGET Center၊ ယနေ့အလုပ်အကိုင် ခန့်အပ်ခြင်းဆိုင်ရာ နည်းပညာနှင့် ရရှိနိုင်သော အရင်းအမြစ်များ စင်တာ) ၏ ဖုန်းနံပါတ် (202) 720-2600 (အသံနှင့် TTY) တို့ကိုလည်းကောင်း၊ Federal Relay Service (ဖက်ဒရယ်တစ်ဆင့်ခံဆားဗစ်) ၏ ဖုန်းနံပါတ် (800) 877-8339 မှတစ်ဆင့် USDA သို့လည်းကောင်း ဆက်သွယ်နိုင်ပါသည်။

ပရိုဂရမ်တွင် ခွဲခြားဆက်ဆံမှုတစ်ခုကို တိုင်ကြားလိုပါက တိုင်ကြားလိုသူသည် Form AD-3027 (AD-3027 ဖောင်)၊ USDA Program Discrimination Complaint Form (USDA ပရိုဂရမ်ခွဲခြားဆက်ဆံမှုတိုင်ကြားရေးဖောင်) ဟူသောဖောင်ကိုဖြည့်ရပါမည်။ ထိုဖောင်ကို အွန်လိုင်းမှ https://www.usda.gov/sites/default/files/documents/ad-3027.pdf တွင် လည်းကောင်း၊ မည်သည့် USDA ရုံးကိုမဆို သွားရောက်၍သော်လည်းကောင်း၊ (866) 632-9992 ကို ဖုန်းခေါ်ဆို၍သော်လည်းကောင်း၊ သို့မဟုတ် USDA သို့လိပ်မူ၍ စာတစ်စောင်ရေးသား၍သော်လည်းကောင်း ရယူနိုင်ပါသည်။ စွဲဆိုထားသော ပြည်သူ့အခွင့်အရေးချိုးဖောက်မှု၏ သဘောသဘာဝနှင့် နေ့စွဲကို Assistant Secretary for Civil Rights (ASCR၊ ပြည်သူ့အခွင့်အရေးဆိုင်ရာ လက်ထောက်အတွင်းဝန်)ကို အသိပေးနိုင်ရန်အတွက် စာတွင် တိုင်ကြားသူ၏ အမည်၊ လိပ်စာ၊ တယ်လီဖုန်းနံပါတ်တို့အပြင် စွဲဆိုထားသော ခွဲခြားဆက်ဆံမှုအကြောင်း အသေးစိတ် ရှင်းလင်းဖော်ပြချက်များ လုံလောက်စွာ ပါရှိရပါမည်။ ဖြည့်စွက်ပြီးသော AD-3027 ဖောင် သို့မဟုတ် စာကို USDA သို့ အောက်ပါနည်းလမ်းများဖြင့် ပေးပို့ရပါမည် -

1. **စာတိုက်မှတစ်ဆင့်-**
   U.S. Department of Agriculture
   Office of the Assistant Secretary for Civil Rights
   1400 Independence Avenue, SW
   Washington, D.C. 20250-9410 သို့မဟုတ်
2. **ဖက်စ်မှတစ်ဆင့်-**
   (833) 256-1665 (သို့) (202) 690-7442; သို့မဟုတ်
3. **အီးမေးလ်ဖြင့် -**
   program.intake@usda.gov

ဤအဖွဲ့အစည်းသည် အခွင့်အရေး သာတူညီမျှပေးသော အဖွဲ့အစည်း ဖြစ်ပါသည်။
ဝါရှင်တန် WIC သည် ခွဲခြားဆက်ဆံခြင်း မရှိပါ။

ဤစာရွက်စာတမ်းကို အခြားဖောမက်တစ်ခုဖြင့် ရယူလိုပါက 1-800-841-1410 ကိုဖုန်းခေါ်ပါ။
နားမကြားသူများနှင့် အကြားအာရုံ ချို့ယွင်းနေသည့် ဖောက်သည်များအတွက် 711 (Washington Relay) သို့ဖုန်းခေါ်ပေးပါ
သို့မဟုတ် wic@doh.wa.govသို့ အီးမေးလ်ပို့ပေးပါ ။